# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
ဒုတိယနေ့ အစည်းအဝေး **အကျဉ်းချုပ်**

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )**

**[အင်္ဂါနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ဂျပန်နှင့် တရုတ် နိုင်ငံတို့မှ ဝယ်လိုအားကောင်းသော ချင်းပြည်နယ်ထွက် ဝဥ (ခေါ်) ဖျံဥကို အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် တင်ပို့နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး က "**ဝဥ(ခေါ်)ဖျံဥ**" ကို အခြောက်ခံ အမှုန့်ပြုလုပ်ရန် အမှုန့်ကြိတ်စက်ဝယ်ယူရရှိနိုင်မည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များကို ချိတ်ဆက် ဆောင်ရွက်ပေးခြင်း၊ အသင်းအဖွဲ့များအားကောင်းလာခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန များအနေဖြင့် "**ဝဥ (ခေါ်)ဖျံဥ**"ကို တန်ဖိုးမြင့် ကွင်းဆက်လုပ်ငန်းများနှင့်ပတ်သက်၍ ဈေးကွက်နှင့်နည်းပညာ တိုးတက်ရရှိအောင် ဆောင်ရွက်လျက်ရှိခြင်းကြောင့် ချင်းပြည်နယ်ထွက် "**ဝဥ(ခေါ်)ဖျံဥ**" ကို စိုက်ပျိုးထုတ်လုပ်မှုနှင့် အရည်အသွေးမြင့် နိုင်ငံခြားပို့ကုန်အဖြစ် ပိုမိုမြင့်တက်လာနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

( ခ ) ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မကွီးအိမ်နူးမြို့ကို မြို့တည်ဆောက်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ အမြန်ဆုံး မြို့ပြစီမံကိန်း ရေးဆွဲရန်** အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က မကွီးအိမ်နူးမြို့အား မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ အကြောင်း ကြားလာသည့်အခါ မြို့ပြပညာရှင်အဖွဲ့များဖြင့် လာရောက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဖြေကြား သည်။

(ဂ) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ မော်ဟွေ့ - နောင်ဟော့ ကွင်းအမှတ် (၁၁) ကုန်ထုတ်လမ်း ၃ မိုင် ၄ ဖာလုံနှင့် ဟင်းနား - မော်ဟွေ့ ကွင်းအမှတ် (၈)၊ (၉) ကုန်ထုတ်လမ်း ၃ မိုင် ၁ ဖာလုံတို့ကို ရာသီမရွေး ဆက်သွယ်သွားလာ အသုံးပြုနိုင်မည့် ကျောက်ချောလမ်းများအဖြစ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး လမ်းလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ခွင့်ပြုချက်ရရှိပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းစာရင်းတွင် ထည့်သွင်းသတ်မှတ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ဃ) ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ရွှေဘိုမြို့မှ မြစ်ကြီးနားမြို့သို့သွားရာ ဗျူဟာလမ်းမကြီးနှင့် ခင်ဦးမြို့သို့ ဆက်သွယ်ထားသော လမ်း ၆ မိုင် ၄ ဖာလုံ၊ ခင်ဦးမြို့နှင့်ရေဦးမြို့နယ်သို့ ဆက်သွယ်ထားသောလမ်း ၁၂ မိုင် ၃ ဖာလုံ တို့အား ၁၂ ပေအကျယ်မှ ၁၈ ပေ အကျယ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ရေဦး-ခင်ဦးလမ်းတွင် ၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ရန်ပုံငွေတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သာမန်ရန်ပုံငွေ ကျပ်(၃၄.၄၈၀)သန်းဖြင့် လမ်းသာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ သာမန်ရန်ပုံငွေ ကျပ်(၅၃.၉၅၀)သန်းဖြင့် ကတ္တရာထပ်ပိုးလွှာတင်ခြင်း၊ (၄)ဖာလုံနှင့် လမ်းပိုင်းသာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် လျာထားတင်ပြထားပါကြောင်းနှင့် (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်၍ ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(င) ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မကွေးတိုင်းဒေသကြီး အတွင်းရှိ ချောက်၊ စလေ၊ ပခန်းငယ်၊ ကျောက်ရဲ၊ ရေနံချောင်းတို့ကို ဖောက်လုပ်ထားသော မြို့ချင်းဆက်လမ်းအား ကတ္တရာခင်းခြင်း၊ ကျောက်ချောခင်းခြင်း၊ လမ်းပြုပြင် ထိန်းသိမ်းခြင်းများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်ရှိ လမ်းပိုင်း(၂)ခုအား လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ယခုတင်ပြသွားခဲ့သည့်အတိုင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

လျက်ရှိပါကြောင်းနှင့် လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း ဘဏ္ဍာငွေဆက်လက်လျာထားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း၊ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၃။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) (ဥပဒေကြမ်းကော်မတီဝင်)က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ဥပဒေကြမ်းအတည်ပြုရန်အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း**

၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

၅။ အစည်းအဝေးကို ၁၀း၅၁ နာရီအချိန်တွင် ရပ်နားပြီး တတိယနေ့ အစည်းအဝေးကို ၃၀-၇-၂၀၁၈ ရက်နေ့ (တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**